NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယွီ)

စာစဉ် – ၂၇၉

ပြိုင်ဘက်ကင်း တာအိုသခင်

ဘာသာပြန်သူ-Shwe Paji

Book 279 Chapter 5506 to 5525

## Chapter 5506

*

**ကြိုတင်အသိပေးအကြောင်းကြားခြင်း - ယခု စာစဥ်တွင်ပါဝင်သော ဘာသာရေးဆိုင်ရာ အသုံးအနှုန်းများသည် မျက်မှောက်ကာလနှင့် သက်ဆိုင်ခြင်းမရှိပါ။ ရှန်းရှလောက အခေါ်အဝေါ်နှင့် မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ သိုင်းလောက အသုံးအနှုန်းများသာ ဖြစ်ပါသည်။ ထို အပြင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တစ်ဦးတစ်ယောက်ကိုမှ ထိခိုက် စေလိုခြင်းမရှိပါ။ မူရင်းဖန်တီးသူ၏ အာဘော်အတိုင်းသာ ဆီလျော် အောင် ဘာသာပြန်ဆို တင်ဆက်ထားခြင်းဖြစ်ပါသည်။**

"သဟဇာတဘုရင်က နယ်မြေတစ်ခုရဲ့ ဘုရင်တစ်ပါးလေ... သူ လူတစ် ယောက်ကို ဖမ်းမိရင် ငါက ဘာကို သိနိုင်မှာလဲ..."

ယန်ထုံသည် အလွန်စိုးရိမ်ပူပန်နေသဖြင့် ငိုကြွေးတော့လုမတတ် ဖြစ် နေသည်။

လုယွီက ပေါ့ပေါ့ပါးပါး ပြောဆိုသည်။

"ပြန်စဉ်းစားကြည့်ပါအုံး..."

ယန်ထုံ၏ အတွေးများသည် မျက်တောင်တစ်ခတ်အတွင်း အကြိမ်တစ်ရာခန့် လှည့်ပတ်သွားပြီး မရေမတွက်နိုင်သော အတွေးများကို တွေးတောနေသော်လည်း နောက်ဆုံးတွင် ထိုအရာအားလုံး ပြန့်ကျဲသွားသည်။

လုယွီထံတွင် မီးတောက်ရွှေရောင်မျက်လုံးများ ရှိနေသည်။ ယန်ထုံကို ဤနေရာတွင် ပထမဆုံး ထိန်းသိမ်းထားစဉ်က သူသည် လွတ်မြောက်ရန်ကြိုးစားရင်း မရေမတွက်နိုင်သော လိမ်ညာမှုများကို ဖန်တီးခဲ့သော်လည်း လုယွီက ထိုအရာတစ်ခုချင်းစီကို ထွင်းဖောက်တွေ့မြင်ခဲ့သည်။

သူက နာကျင်စွာ တောင်းပန်လိုက်၏။

"ချင်ဧကရာဇ်... ကျွန်တော် တကယ် မသိပါဘူး... ကျွန်တော်က သဟဇာတဘုရင်ရဲ့ စိတ်ဝိညာဉ် ထိန်းချုပ်မှုအောက်မှာ ရှိနေပြီးတော့ အဲ့ဒီကိစ္စကို လုပ်ဖို့ အတင်းအကြပ် ခိုင်းစေခံရတဲ့ နယ်ရုပ်လေး တစ်ရုပ်ပါ... ကျေးဇူးပြုပြီး ကျွန်တော့်ကို ချမ်းသာပေးပါ..."

"မင်းက သိပ်အသုံးမဝင်ဘူးပဲ..."

လုယွီက ပြောဆိုပြီး ခေါင်းခါယမ်းကာ သက်ပြင်းချလိုက်သည်။

"နောက်ဆုံး ကိစ္စလေး တစ်ခုလောက် ငါ့ကို ကူညီပေးပါ..."

"ဘာလဲ..."

ယန်ထုံက ခေါင်းမော့ကြည့်လိုက်၏။

လုယွီသည် သူ၏လက်ချောင်းကို ရုတ်တရက် ဆန့်တန်းပြီး ယန်ထုံရှိရာသို့ ဖိနှိပ်လိုက်ရာ ကွန်ယက်တစ်ခုကဲ့သို့ မရေမတွက်နိုင်သော ကံကြမ္မာကြိုးမျှင်များ ယန်ထုံကို ရစ်ပတ်သွားသည်။

လုယွီ၏နောက်ကွယ်တွင် အပြောင်းအလဲကျမ်းစာ၏ ဟောကိန်းထုတ်မှု သင်္ကေတများက တစ်ခုပြီးတစ်ခု မျောလွင့်လာသည်။ ထိုက်ကျိချီများနှင့် အတူ ထိုအရာများသည် ထိုက်ကျိပါကွပုံစံတစ်ခုကို ဖန်တီးကာ ဖြည်းညှင်းစွာ လည်ပတ်နေပေ၏။

"ဒါက ဘာလဲ..."

ယန်ထုံက အစွမ်းထက်သော ခြိမ်းခြောက်မှုတစ်ခုကို ခံစားလိုက်ရသည်။ သူ၏ စိတ်ဝိညာဉ် ခန္ဓာကိုယ်သည် ရုတ်တရက် နောက်သို့ဆုတ်သွားပြီး သူ့ကို ချုပ်နှောင်နေသော သံကြိုးများကို တရွတ်တိုက်ဆွဲကာ တဝုန်းဝုန်းအသံများ ထွက်ပေါ်နေသည်။

သို့သော် လုယွီသည် မရပ်တန့်ခဲ့ချေ။ သူ၏လက်ဝါးရှိ အပြောင်းအလဲ

ကျမ်းစာ၏ စွမ်းအားသည် ပွင့်အံ့ထွက်လာပြီး လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ရပ်က ယန်ထုံကို ချက်ချင်းလွှမ်းခြုံသွားသည်။

"နေပါအုံး... ချင်ဧကရာဇ်... ငါ အများကြီး သိထားသေးတယ်... မင်း ငါ့ကို ချန်ထားပြီးတော့ သဟဇာတဘုရင်ကို ထောင်ချောက်ထဲ ဆွဲသွင်းလို့ ရပါတယ်..."

ယန်ထုံသည် ထိတ်လန့်သွားပြီး အသည်းအသန် အော်ဟစ်လိုက်၏။

သို့သော် လုယွီသည် တိတ်ဆိတ်နေဆဲပင်။ သူ၏ မျက်လုံးများတွင် ဂရုမစိုက်မှုများဖြင့် ပြည့်နှက်နေဆဲဖြစ်ပြီး သူ၏လက်ဝါးရှိ ကံကြမ္မာဥပဒေသ၏ စွမ်းအားမှာ ပို၍အားကောင်းလာသည်။

ယန်ထုံ၏ခုခံမှု အားနည်းလာသည်။ သူ၏ မျက်လုံးများတွင် ရုတ်တရက် ရန့်ရင်းကြမ်းတမ်းသော အမူအရာတစ်ရပ် ထွက်ပေါ်လာပြီး သူက ကျိန်ဆဲလိုက်သည်။

"ချင်ဧကရာဇ်... မင်း ကြောက်စရာကောင်းတဲ့ သေခြင်းတရားနဲ့ သေပါစေ... မင်းကို ငါ ကျိန်ဆဲတယ်..."

သို့သော် သူ၏ ရက်စက်သော ကျိန်ဆဲမှုများ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး နောက်ထပ် စကားတစ်ခွန်းမျှ ထွက်ပေါ်မလာတော့ချေ။

ကံကြမ္မာဥပဒေသ၏ စွမ်းအားသည် သူ၏စိတ်ဝိညာဉ်ကို ချက်ချင်းခြေမွ ဖျက်ဆီးလိုက်သည်။ သူ၏ စိတ်ဝိညာဉ်စွမ်းအားများသည် အလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲသွားပြီး လုယွီ၏ လက်ညှိုးထိပ်တွင် စုစည်းသွား ပေ၏။

"မင်းရဲ့ စိတ်ဝိညာဉ်ကို လမ်းညွှန်အဖြစ် သုံးပြီး ကံကြမ္မာ မြူခိုးတွေကို ထွင်း ဖောက်စမ်း..."

နတ်ဘုရားများ၏စကားလုံးများကဲ့သို့ ပဲ့တင်ထပ်နေသောအသံသည် ဤ သန့်စင်ယန်မျှော်စင်အတွင်း၌ အဆက်မပြတ် ပဲ့တင်ထပ်နေသည်။

ကြီးကျယ်ခမ်းနားပြီး နက်နဲသိမ်မွေ့သော အသံသည် ပတ်ဝန်းကျင်ကို တုန် ခါသွားစေပြီး သန့်စင်ယန်မျှော်စင်တစ်ခုလုံးကို တဝုန်းဝုန်း တုန်ခါသွား စေသည်။

ယခင်က နင်းချူ၏တည်နေရာကို အတိအကျ မသိနိုင်ခဲ့ချေ။ အပြောင်းအလဲကျမ်းစာ၏ စွမ်းအားသည် ကောင်းကင်ကို အန်တုနိုင် သော်လည်း လုယွီသည် နင်းချူ၏တည်နေရာကို မတွက်ချက်နိုင်ခဲ့ပေ။

အကြောင်းအရင်းမှာ အလွန်ရိုးရှင်းပေ၏။ လူတစ်ယောက်ကို ရှာဖွေရန် နှစ်ဖက်ကြားတွင် ကံကြမ္မာ လမ်းဆုံတစ်ခု ရှိရပေမည်။ သို့သော် ဤဘဝ တွင် လုယွီသည် နင်းချူကို လုံးဝမတွေ့ဖူးခဲ့သဖြင့် သူမကို ရှာတွေ့ရန်မှာ အလွန်အလှမ်းကွာဟနေသည်။

လုယွီသည် ယန်ထုံကို ယဇ်ပူဇော်ပြီး ကံကြမ္မာဥပဒေသကို လုပ်ဆောင်ရန် အတွက် သူ၏ စိတ်ဝိညာဉ်ကို လမ်းညွှန်အဖြစ် အသုံးပြုရပေမည်။

ဤကိစ္စ၏လက်သည်တရားခံသည် နဝမနယ်မြေ၏ သွမ်မိသားစု ဖြစ်ကြောင်း သိထားသဖြင့် အရာအားလုံး ပို၍လွယ်ကူသွားလေပြီ။

ယန်ထုံ၏စိတ်ဝိညာဉ် ပြန့်ကျဲသွားသည်နှင့်အမျှ အပြောင်းအလဲကျမ်းစာ၏ စွမ်းအားသည် အစွမ်းထက်ဆုံးစွမ်းအားဖြင့် ပေါက်ကွဲထွက်လာပြီး လေဟာနယ်ကို တိုက်ခတ်ကာ တိကျသော အမှတ်တစ်ခုကို ရှာဖွေရန် ထင်ယောင်ထင်မှားဖြစ်မှုကို ထိုးဖောက်သွားပေ၏။

"မြူခိုးတွေ ရှင်းသွားပြီ..."

လုယွီက အသက်ပြင်းပြင်းရှူလိုက်သည်။

နင်းချူ၏ပုံရိပ်သည် အစပထမတွင် အလင်းရောင် အမှတ်အဖြစ်သာ ရှိနေရာမှ တဖြည်းဖြည်း ပုံပေါ်လာပြီး နောက်ဆုံးတွင် ဝိုးတဝါးပုံရိပ်တစ်ခု ဖြစ်လာကာ ပီပြင်ရှင်းလင်းလာသည်။

နူးညံ့သိမ်မွေ့သော မိန်းကလေးတစ်ဦး၏ပုံရိပ်က လုယွီ၏အမြင်အာရုံထဲတွင် ထွက်ပေါ်လာသည်။

သူမ၏မျက်နှာကို သူ အလွန်ရင်းနှီးကျွမ်းဝင်ပေ၏။ သူမသည် ဤနှစ်များ တလျှောက် ခန္ဓာကိုယ်အလေးချိန် များစွာကျဆင်းသွားခဲ့သည်။ တစ်ချိန်က သူမ၏ နူးညံ့ပြီး ချစ်စရာကောင်းသော ကလေးတစ်ယောက်၏ဝဖြိုးမှု များသည် ပျောက်ကွယ်သွားပြီး ဖြူဖွေးကာ လှပသော ဖရဲသီးစေ့ပုံစံမျက်နှာ ဖြင့် အစားထိုးခံခဲ့ရသည်။ သူမ၏မျက်ခုံးများသည် ထက်ရှသော ဓားသွား များကဲ့သို့ဖြစ်ပြီး အလွန်အမင်း သူရဲကောင်းဆန်မှုကို ပြသနေသည်။

သူနှင့် နေ့ရောညပါ အတူရှိခဲ့သော တပည့်သည် သူ၏ မျက်စိရှေ့တွင် ရှိနေ ပေ၏။ လုယွီ၏မျက်လုံးများ ကူကယ်ရာမဲ့စွာဖြင့် အနည်းငယ် စိုစွတ်လာ သည်။

"စုန်းမဖန်း... ရှေးဟောင်းခန်းမကြီးရဲ့ သော့ကို ပေးလိုက်စမ်း... ငါတို့ မင်းရဲ့ အသက်ကို ချမ်းသာပေးမယ်..."

"စုန်းမဖန်း... ဒီနေရာကို ရေတောင် မဝင်နိုင်အောင် ငါတို့ ဝိုင်းရံထား တယ်... မင်းမှာ တောင်ပံပါရင်တောင် လွတ်မြောက်နိုင်မှာ မဟုတ်ဘူး..."

"စုန်းမဖန်း... ရှေးဟောင်း ခန်းမကြီးရဲ့ အမွေအနှစ် က မင်း တစ်ယောက်တည်း လိုချင်တပ်မက်နိုင်တဲ့ အရာ မဟုတ်ဘူး... အခုချက်ချင်း ပေးလိုက်စမ်း... ငါတို့က မင်းရဲ့ အသက်ကို ချမ်းသာပေးမယ်..."

ထိုအချိန်မှာပင် စူးရှသော အော်ဟစ်သံများ အရပ်မျက်နှာအဘက်ဘက်သို့ ပျံ့နှံ့လာသည်။

***

# Chapter 5507

*

လုယွီ၏အမြင်အာရုံအတွင်း၌ အထီးကျန်ပြီး မာနကြီးသော မိန်းကလေးသည် လူအများ၏ဝိုင်းရံခြင်းကို ခံနေရပြီး အန္တရာယ်ရှိသော အခြေအနေတွင် လှောင်ပိတ်မိနေသည်။

ရက်စက်ကြမ်းတမ်းသော အော်ဟစ်သံများနှင့် စော်ကားမှုများ ပတ်ဝန်းကျင်တွင် ပြည့်နှက်နေသည်။ မိန်းကလေးကို ဝိုင်းရံထားသော လူရာပေါင်းများစွာ ရှိပြီး သူတို့၏မျက်နှာများတွင် မကောင်းသော ရည်ရွယ်ချက်များ ထင်ဟပ်နေပေ၏။

လူတချို့သည် သူတို့၏ဥပဒေသ မှော်ရတနာများကို ထုတ်ယူကာ မှော်စွမ်းအားဖြင့် အသက်သွင်းထားသဖြင့် အလင်းရောင်များ မှိတ်တုတ်မှိတ်တုတ် ထွက်ပေါ်နေသည်။

ကောင်းကင်ကြီးသည် မှုန်မှိုင်းနေပြီး ညင်သာသော လေပြေတစ်ချက်က တောင်ကြောကို ဖြတ်သန်း တိုက်ခတ်သွားသည်။

နင်းချူ၏ စုတ်ပြဲနေသော အဖြူရောင်ဝတ်စုံသည် ကျားများနှင့် ဝံပုလွေများ ကဲ့သို့ဖြစ်နေသော သူမ၏ရှေ့ရှိ လူအုပ်ကြီးနှင့် လုံးလုံးလျားလျား ဆန့်ကျင်ဘက် ဖြစ်နေပေ၏။

သူမ ရှေ့သို့ ခြေတစ်လှမ်းချင်း ဖြည်းညှင်းစွာ လျှောက်လှမ်းလိုက်စဉ်တွင် သူမ၏ ဖြူဖွေးသော ခြေဖဝါးများက ကြမ်းတမ်းသော ကျောက်တုံးများနှင့် ပွတ်တိုက်သွားသည်။ သူမကို ဝိုင်းရံထားသော လူအုပ်ကြီးသည် ချက်ချင်း ထိတ်လန့်သွားပြီး နောက်တစ်လှမ်း ဆုတ်သွားကာ နင်းချူ၏စွမ်းအားကို အလွန်အမင်း ကြောက်ရွံ့ပုံရသည်။

"ဒါက နင်တို့ သွမ်မိသားစုရဲ့ အစွမ်းထက်ကျင့်ကြံသူတွေဆိုတာလား..."

နင်းချူက အားရပါးရ ရယ်မောလိုက်ပြီး လှောင်ပြောင်မှု အရိပ်အယောင် တစ်ခုက သူမ၏ မျက်လုံးများတွင် ဖြတ်ပြေးသွားသည်။

သူမ တစ်ယောက်တည်းဖြစ်ပြီး ဝိုင်းရံခံထားရသော်လည်း လှောင်အိမ်ထဲရှိ ရက်စက်ကြမ်းတမ်းသော ကျားတစ်ကောင်နှင့် တူညီနေကာ သူမ၏ ကျန်ရှိနေသေးသော စွမ်းအားမှာ လျော့ကျမသွားချေ။

ပတ်ဝန်းကျင် လူအုပ်ကြီး လှုပ်ရှားသွားပြီး လူအများသည် နင်းချူ၏ မာနကြီးသော သဘောထားကြောင့် ဒေါသထွက်သွားကြ၏။

"မျှော်လင့်ထားတဲ့အတိုင်းပဲ... သူက မကောင်းဆိုးဝါးမတစ်ကောင်ပဲ... လူ

တွေရဲ့ စိတ်နှလုံးသားကို ရှုပ်ထွေးစေတယ်... သူ့ရဲ့ လွှမ်းမိုးမှုကို ငါတို့ လုံးဝ မခံရစေနဲ့..."

"သူ့မှာ တခြားလှည့်ကွက်တွေ ရှိနိုင်သေးတာ သေချာတယ်... မင်းတို့ အားလုံး သတိထားကြပြီးတော့ ဒီမကောင်းဆိုးဝါးမရဲ့ ရန်စမှုကို မခံမိစေနဲ့..."

ဤလူများအားလုံးသည် တူညီဝတ်စုံများကို ဝတ်ဆင်ထားကြ၏။ သူတို့၏ အဖြူရောင်ဝတ်ရုံများတွင် စတုရန်းအပေါက်ပါရှိသော အဝိုင်းပုံ ကြေးဝါဒင်္ဂါးပြား ပုံသဏ္ဍာန် မိသားစုအမှတ်တံဆိပ်အား ပန်းထိုးထားပြီး ထိုအရာများအတွင်းတွင် သရဲတစ္ဆေနယ်မြေ စာသား ဖြင့် 'သွမ်' ဟူသော စာလုံးကို ရေးသားထားသည်။

သူတို့အားလုံးသည် ငရဲနယ်မြေ သွမ်မိသားစု၏ အဖွဲ့ဝင်များပင်။ ကြေးဝါဒင်္ဂါးပြားပုံစံပါရှိသော အဖြူရောင် ဝတ်ရုံများသည် သူတို့၏ မြင့်မြတ်ပြီး ပြိုင်ဘက်ကင်းသော အဆင့်အတန်းကို ကိုယ်စားပြုပေ၏။

သွမ်မိသားစု အကြီးအကဲတစ်ဦးက ရှေ့သို့ထွက်လာပြီး အေးစက်တင်းမာသောလေသံဖြင့် ပြောဆိုသည်။

"ဖန်းနင်းချူ... မင်းက ငါတို့သွမ်မိသားစုရဲ့ ရတနာကို ခိုးယူခဲ့တယ်... မင်းရဲ့ အပြစ်က သေသင့်တယ်... အခုချက်ချင်း ငါ့ကို ပေးစမ်း... ဒါဆိုရင် မင်းရဲ့ အသက်ကို ငါတို့က ချမ်းသာပေးကောင်း ပေးနိုင်လိမ့်မယ်..."

ဤသွမ်မိသားစု အကြီးအကဲသည် အလွန် မြင့်မားသော ရာထူးတစ်ခုကို ကိုင်ဆောင်ထားပုံရသည်။ သူ ရှေ့ထွက်လာသည်နှင့် တပြိုင်နက် ပတ်ဝန်းကျင်ရှိ လူများအားလုံး စကားပြောဆိုခြင်းကို ရပ်တန့်လိုက်ကြသည်။

အေးစက်သော ရယ်မောသံတစ်သံက အရပ်မျက်နှာအဘက်ဘက်သို့ ပျံ့နှံ့သွားပေ၏။ လှောင်ပြောင်မှု အရိပ်အယောင်တစ်ခုက ထိုရယ်မောသံထဲတွင် ပြည့်နှက်နေသည်။

လူအများ၏ ဝိုင်းရံခြင်းကို ခံထားရသော်လည်း နင်းချူ၏မျက်လုံးများတွင် အထင်သေးမှုများ အမြဲတစေ ထင်ဟပ်နေပြီး လူတိုင်းကို ပုရွက်ဆိတ်များအလား ကြည့်ရှုနေသည်။

"အဘိုးကြီး... ရှင်ရဲ့ အသက်အရွယ်နဲ့ ရှင်ရဲ့ဘဝကို ခွေးဗိုက်ထဲမှာ ဖြုန်းတီးခဲ့တာပဲဖြစ်မယ်... ကျွန်မကို ဆရာ့ရဲ့ အမွေအနှစ်မြေကို ဝင်ဖို့ ရှင်တို့က အတင်းအကြပ် ခိုင်းစေခဲ့တယ်... အခု ဆရာ့ရဲ့ ရတနာတွေ အားလုံးကို ရှင်တို့ လုယက်ပြီးသွားတော့ ဒါတွေက ရှင်တို့ သွမ်မိသားစုရဲ့ ပစ္စည်းတွေပါလို့ အရှက်မရှိ အခိုင်အမာ ပြောနေတယ်... ရှင့်ရဲ့မျက်နှာက တကယ်ကို အရေထူတာပဲ..."

ဖန်နင်းချူ၏အသံက အေးစက်တင်းမာနေပြီး သူမက ပေါ့ပေါ့ပါးပါး ပြောဆိုလိုက်၏။

သွမ်မိသားစုအကြီးအကဲသည် မတုန်မလှုပ် ရှိနေပြီး တုံ့ပြန်ပြောဆိုသည်။

"ရွှမ်မင်က ငါတို့ငရဲနယ်မြေကလူ မဟုတ်ဘူး... အဲ့ဒီတုန်းက သူ တွေ့ကြုံခဲ့ရတဲ့ အခွင့်အရေးတွေ အားလုံးက ငါတို့ငရဲနယ်မြေက ပိုင်ဆိုင်တဲ့ အရာတွေချည်းပဲ... အခု အဲ့ဒီအရာတွေကို မူလပိုင်ရှင်ဆီ ပြန်ပေးတာကလည်း ကောင်းကင်ဘုံရဲ့ ရှင်းလင်းတဲ့ ဥပဒေသတစ်ခုပဲ..."

"ဟားဟားဟား... အဘိုးကြီး... ရှင်က လှည့်စားတဲ့ စကားတွေ ပြောတဲ့နေရာမှာ တော်တော်လေးကျွမ်းကျင်တာပဲ... ဒါပေမဲ့ ရှင်တို့ထဲက တစ်ယောက်မှ ဒီသော့ကို ရမှာ မဟုတ်ဘူး..."

ဖန်းနင်းချူ၏လက်ထဲတွင် ရှေးဟောင်း ကြေးဝါ သော့တစ်ချောင်းကို ဆုပ်ကိုင်ထားပြီး သူမ၏ မျက်လုံးများတွင် ရူးသွပ်မှုအရိပ်အယောင်များ ပြည့်နှက်နေသည်။

"မင်း..."

သွမ်မိသားစုအကြီးအကဲက သူ၏မျက်လုံးများကို မှေးစင်းလိုက်သည်။ သူ၏ မှုန်ဝါးနေသော မျက်လုံးများတွင် ထိတ်လန့်မှု အရိပ်အယောင် တစ်ရပ် ဖြတ်ပြေးသွားပေ၏။

ဖန်နင်းချူ၏ခန္ဓာကိုယ် နံဘေးပတ်လည်တွင် ရုန့်ရင်းကြမ်းတမ်းသော

အရှိန်အဝါမုန်တိုင်းတစ်ခု စုစည်းလာသည့်အလား ဖိအားများ တဟုန်ထိုး တက်လာပြီး လူအများအား ကြောက်ရွံ့မှုကို ခံစားရစေသည်။

ပတ်ဝန်းကျင်ရှိ သွမ်မိသားစုဝင်များ ထိတ်လန့်သွားကြ၏။ မုန်တိုင်းတစ်ခု စုရုံးလာသည်ကို သူတို့ ခံစားလိုက်ရပုံရသည်။

"ဒါက မကောင်းတော့ဘူး... သူက ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲတော့မယ်..."

"စုန်းမဖန်း သေသွားတာက ကိစ္စမရှိဘူး... ဒါပေမဲ့ သော့ပျောက်သွားရင် ငါတို့အားလုံး ဘုရင်ရဲ့ ကွပ်မျက်တာကို ခံရလိမ့်မယ်..."

သွမ်မိသားစုအကြီးအကဲက ဒေါသတကြီး အော်ငေါက်လိုက်သည်။

"မင်း ဘယ်လိုတောင် ရဲတင်းတာလဲ..."

သူက ပြတ်သားစွာ တိုက်ခိုက်ပြီး လေဟာနယ်ကို ဖြတ်သန်း၍ ဖန်နင်းချူကို ဖမ်းဆွဲရန် သူ၏လက်ကို ဆန့်တန်းလိုက်သည်။

"ဒီတစ်ကြိမ်တော့ ဒါက သေလမ်းပဲလို့ ငါ ထင်တယ်..."

ဖန်းနင်းချူက မျက်လုံးများကို စုံမှိတ်လိုက်ပြီး သူမ၏ မျက်နှာပေါ်တွင် စိတ်ပျက်အားငယ်မှု အမူအရာတစ်ခု ရှိနေပေ၏။

သို့သော် ထိုအချိန်မှာပင် ဖန်နင်းချူ၏ နားအနီးတွင် အလွန်ကျယ်လောင်သော ဟိန်းဟောက်သံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ပေတစ်သောင်းရှည်သော ရွှေရောင်အလင်းတန်းသည် သူမ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားပြီး ကြီးမားကျယ်ပြန့်သော နဂါးဟိန်းသံက ကောင်းကင်ကို တုန်ခါသွားစေသည်။ ဖန်နင်းချူက သူမ၏မျက်လုံးများကို ဖွင့်လိုက်ရာ သူမ၏အမြင်အာရုံအတွင်း၌ အဆုံးအစမရှိသော ရွှေရောင်အလင်းတန်းများ လွှမ်းခြုံနေသည်။

***